
လောကလမ်းမှ လွတ်မြောက်ခြင်း
သင်ခန်းစာ ၄၊ ဇန်နဝါရီ ၂၇၊ ၂၀၁၈



"အမျက်ဒေါသထွက်သောကာလ၌၊ စည်းစိမ်ဥစ္စာသည် အကျိုးမပေးနိုင်။
ဖြောင့်မတ်ခြင်းပါရမီမူကား၊ သေခြင်းမှကယ်တင်တတ်၏။
မိမိစည်းစိမ်ကို ကိုးစားသောသူသည် ရှုံးလိမ့်မည်။
ဖြောင့်မတ်သောသူမူကား၊ သစ်ခက်ကဲ့သို့ စိမ်းလန်းလိမ့်မည်"
(သုတ္တံကျမ်း ၁၁:၄၊၂၈)။

"ခမည်းတော်ဘုရားသခင်ရှေ့၌
စင်ကြယ်သန့်ရှင်းသောသီလဟူမူကား၊
မိဘမရှိသောသူငယ်တို့နှင့်မုဆိုးမတို့သည်ဆင်းရဲခံရသောအခါ၊
သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်းလောကီအညစ်အကြေးနှင့်
ကင်းစင်အံ့သောငှာစောင့်ရှောက်ခြင်းပေတည်း" ယာကုပ် ၁း၂၇။
အထိအခိုက်လွယ်လှသောလောက၏ဒုစရိုက်အကျင့်များမှ အညစ်အ
ကြေးနှင့်ကင်းစင်ရန်မည်ကဲ့သို့ နေနိုင်ပါမည်နည်း။ နည်း(၅)ခုလေ့လာစို့။















# ခရစ်တော်ကို တွေးတောခြင်း

"ငါသည်ခပ်သိမ်းသော ကာလတို့၌ ထာဝရ ဘုရားကိုကောင်းချီး ပေးမည်။ ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ် မြွက်ဆိုမည်" (ဆာလံ ၃၄း၁)။

သမ္မာကျမ်းစာက"ခပ်သိမ်းသော စိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကိုနားထောင်စေ" ရန်တိုက်တွန်းသည်(၂ ကော ၁၀း၅)။ သို့ဖြစ်၍လောကီအကျင့်များကိုရှောင် ကာ၊ ၎င်းနှင့်ဆန့်ကျင်၍ သမ္မာတရား ကိုတွေးတောနိုင်လေသည်။ ဖိလိပ္ပိ ၄း၈ က မည်သည်တို့ကိုဆင် ခြင်တွေးတောရမည်ကိုနားလည်စေ ညီစေပါသည်။

ဘာတွေကိုတွေးတောဆင်ခြင်ရမည်နည်း။ တွေးရန်-

- သမ္မာတရားနှင့်ဆိုင်သော
- လျောက်ပတ်သော
- ဖြောင့်မတ်သော
- စင်ကြယ်သော
- နှစ်သက်ဘွယ်သော
- ကောင်းသောသတင်း

စသည့်အကျင့်(ပါရမီ)ရှိသမျှကိုငှင်း၊ နှလုံးသွင်းကြလော့ (ဖိလိ ၄း၈)။





ခရစ်တော်ကိုသာမျက်မှောက်ပြုပါ။ နေ့တိုင်းသူ့၌ လက်မြောက်အပ်နှံပါ၊ သို့ပြုလျှင်၊ သူနှင့်တစ်သား တည်းဖြစ်ရန်သင့်စိတ်ကိုပြုပြင်ပေးလိမ့်မည်။ သူ၏ ချစ်ခြင်းမေတ္တာအကြောင်းစဉ်းစားသောအခါ၊ ဝိညာဉ်ရေးရာ၏တန်ဖိုးအမှန်ကို နားလည်လိမ့်မည်။

# ကျမ်းစာလေ့လာခြင်း

"ကျမ်းစာအားဖြင့်ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့်သင်တို့သည်
ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏" (ယောဟန် ၅း၃၉)။



ခရစ်တော်ကိုတွေ့တောခြင်းနှင့်သူနှင့်မိဿဟာယအမြဲပြုခြင်းသည် လောကီရေးရာမှလုံခြုံရန်အခြေခံဖြစ်သည်။ ခရစ်တော်ကို မည်သည့်နည်းဖြင့်ပိုပိုသိနိုင်မည်နည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ခရစ်တော်ကိုဖော်ပြသည်။ သမ္မာကျမ်းစာလက်ဝယ်၌ရှိခြင်းကြောင့်ကျေးဇူးတင်လျက်၊ ၎င်းမှ-



- အမှန်တရားကိုသိရ (ယော ၈း၃၂)
- ယေရှုကိုသိရ (ယော ၅း၃၉)
- သူလုပ်ပေးသမျှသိရ (၁ ကော ၁၅း၃၊၄)
- သူ၌ကျွန်ုပ်တို့ကိုးစားခွင့်ရ (ယော ၁၇း၁၂)
- ယေရှုနောက်လိုက်ပြီးနာခံရ (ဆာလံ ၁၁၉း၁၁)
- အပြစ်မှလွတ်ခွင့်ရ (ယော ၈း၃၆)

  ပါသည်။

လောကီအရာတွင်ရုပ်ဝတ္ထုများမိမိအတွက်အရယူခြင်းလည်းပါဝင်သည်။ ၎င်းသည် ယေရှုက နှုတ်ကပတ်တော်ထဲ၌သွန်သင်ချက်နှင့် ဆန့်ကျင်ဖက်ဖြစ်ပါသည်။





# ဆုတောင်းခြင်း

"ချစ်သူတို့၊ သင်တို့သည်မိမိတို့အလွန် သန့်ရှင်းသောယုံကြည်ခြင်းအပေါ် မှာမိမိတို့ တို့ကိုတည်ဆောက်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဆုတောင်းပဌနာ ပြုလျက်၊" (ယုဒ ၁း၂၀)

ဆုတောင်းခြင်းသည်ခရစ်တော်နှင့်မိဿဟာရ ပြုရန်မရှိမဖြစ်တစ်ခုဖြစ်သည်။ အပြန်အလှန် ဆက်သွယ်ခြင်းမပြုဘဲ မိဿဟာရ သို့မဟုတ် မိတ်ဆွေဖြစ်ခြင်းဟူသည်မရှိပါ။ဘုရားသခင်ကို စကားပြောပြီးနောက် ပြန်၍နားထောင်ရမည်။ "ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်ထံ မိတ်ဆွေတစ်ဦးကဲ့သို့ ရင်ဖွင့်ခြင်းဖြစ်သည်။" (E.G.W."သူခချမ်းသာလမ်းညွှန်", စာ ၁၂၉)။ ဆုတောင်းခြင်း၌မည်သည့်အရာများလိုအ ားလိုအပ်သနည်း။?

- ယုံကြည်ခြင်းနှင့်တောင်းရန်(ဗြဲ ၁၁း၆)။
- မခြားမလပ်တောင်းရန် (၁သက် ၅း၁၇)။
- အလိုတော်ကိုတောင်းရန်(၁ယော၅း၁၄)။









# ဉာဏ်ပညာကိုရှာဖွေခြင်း

"အကြောင်းမူကား၊ လောကီပညာသည် ဘုရားသခင့်ရှေ့၌ မိုက်မဲခြင်းဖြစ်၏။ ကျမ်းစာလာသည်ကား၊ ဘုရားသခင်သည်ပညာရှိတို့ကိုသူတို့၏ ပရိယာယ်အားဖြင့် ဖမ်းဆီးတော်မူ၏ဟုလာသတည်း"
(၁ ကော၃း၁၉)။



ဉာဏ်ပညာဟူသည် ဗဟုသုတနှင့်နားလည်သမှုကို မှန်ကန်စွာအသုံးချနိုင်ခြင်းဖြစ်သည်။ လောကတွင် ဉာဏ်ပညာရှိသူများရှိသည်၊ ၎င်းတို့တွင်ရှောလမုန်သည် ပညာအရှိဆုံးဖြစ်သည် (၆ ရာ ၁း၁၂)။ သို့စေကာမူ၊ ရှောလမုန်သည် ထာဝရဒအသက်ကိုဆုံးရှုံးခါနီးဖြစ်ခဲ့သေးသည်။ ဘုရားသခင်က မည်သည့်ဉာဏ်ပညာမျိုးကိုရှာဖွေရန် သင့်အားအလိုတော်ရှိသနည်း။

- ☑ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း (ယောဘ ၂၈း၂၈)၊
- ☑ ပညတ်တော်တို့ကိုစောင့်ရှောက်ခြင်း (တရားဟောရာကျမ်း ၄း၆)၊ ဉာဏ်ပညာဖြစ်သည်။

ကျွန်ုပ်တို့သည် လောကီ၏အန္တရာယ်များမှန်မှန်ကန်ကန်နားလည်ဖို့ရန် ထိုသို့သောဉာဏ်ပညာကိုလိုအပ်ပါသည်။

# သန့်ရှင်းသောဝိညာဉ်တော်၏အမှုပြုခြင်း

“ထိုသူသည်လောကနှင့်စပ်ဆိုင်သောကြောင့်၊ လောကီအကြောင်းအရာကိုပြောတတ်ကြ၏။ လောကီသားတို့သည်လည်းသူတို့စကားကိုနားထောင်တတ်ကြ၏။ ငါတို့မူကားဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ဘုရားသခင်ကိုသိသောသူသည် ငါတို့စကားကိုနားထောင်တတ်၏။ ဘုရားသခင်နှင့် မစပ်ဆိုင်သောသူသည် ငါတို့စကားကိုနားမထောင်တတ်။ ထိုအရာကိုငါတို့သည်ထောက်၍ သမ္မာဝိညာဉ်ကိုလည်းကောင်း၊ မိစ္ဆာဝိညာဉ်ကိုလည်းကောင်းသိရကြ၏” (၁ ယော ၄:၅၆)။



ကာလက်ကဲ့သို့ ဘုရား၏ဉာဏ်ပညာကိုရှာသောသူ၌ “ထူးခြားသောသဘော(ဝိညာဉ်)” ရှိ၏ (တော၁၄:၂၄)။

အကယ်၍သာသန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုကိုခံယူပါက၊ လောကီရေးရာ အမှားနှင့်အမှန်ကိုပိုင်းခြားသိနိုင်စေရန် သွန်သင်ပေးသည်။

အလုံးစုံသောသမ္မာတရား၌ဦးဆောင်မှုမည်၊ ယေရှုကိုညွှန်ပြလိမ့်မည့် ထို့အပြင် လောက၌အကောင်းဆုံးသောဆုံးဖြတ်ချက်ကိုပြုလုပ်ရန် ကူညီလိမ့်မည်။

ယာယီစိတ်လှုပ်ရှားမှုက ကျွန်ုပ်တို့ကိုနှင်လိမ့်မည်မဟုတ်။ ဤလောကတွင် ဘုရားသခင်၏ကိုယ်စားလှယ် များအဖြစ် ကျွန်ုပ်တို့အသက်ရှင်လိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤလောကကြီး၏ မြူဆွယ်မှု နှင့် တပ်မက်ဘွယ်ရာများကိုအောင်နိုင်ရန် တန်ခိုးပေးပါသည်။

“ယာယီဖြစ်သောအရာများတွင် ကျွန်ုပ်တို့၏အာရုံအားလုံး
ကိုငှင်း၊ သို့မဟုတ် လောကနှင့်လောကီရေးရာတစ်ခုလုံးကို
စိတ်ထဲ၌တွေးတောရသည်တိုင်အောင်ငှင်း ပါဂဝင်ရန်မဟုတ်
ပါ။ ကျွန်ုပ်တို့အနေဖြင့် စိတ်ကို လေ့ကျင့်ပေးရန်၊ စည်းမတ်
ရန်၊ နှင့် ပညာပေးရန်ဖြစ်သည်၊ သို့မှသာ ကောင်းကင်နှင့်
ဆိုင်သောလမ်းကြောင်းမှန်ကိုတွေးနိုင်လာမည်၊ ဝိညာဉ်
ရေးရူပါရုံအားဖြင့်သိမှတ်ရမည့် မမြင်နိုင်သော၊ ထာဝရတည်
သောအရာများ၌နေနိုင်လာမည်။ ငှင်းသည် စိတ်၏ခွန်အား
နှင့် ဝိညာဉ်ခွန်အားကိုတွေ့နိုင်မည့်၊ မျက်မြင်မရသောသူ
(ဘုရားသခင်)ကိုမြင်ခြင်းအားဖြင့် ဖြစ်သည်။”

E.G.W. (SDA Bible Commentary, on 2 Corinthians 4:18)